စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်

ဝက်လက်မြို့နယ်

ပေါက်ကန်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း



(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဇီးဖြူကုန်း(ရ)ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

		စာမျက်နှာ
၁။	တည်နေရာနှင့်ပထဝီအနေအထား	၁
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၁
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၁-၂
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	၂
	(ခ) မွေးမြူရေးလုပ်ငန်း	၂
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၃
	(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး	၃
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၃
၅။	အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၄
	(ခ) ကျေးရွာမီးလင်းရေး	၄
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၄-၅
၆။	ပညာရေး	၅
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၅
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၆
၉။	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	၆
၁၀။	ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	၇
	နောက်ဆက်တွဲ(၁) - ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း	
	နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဇီးဖြူကုန်း(ရ)ကျေးရွာသည် ရွှေပန်းကုန်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဝက်လက်မြို့၏ အရှေ့တောင်ဘက်အပိုင်းတွင်တည်ရှိပြီး အရှေ့မှ အနောက်သို့(၂.၅)မိုင်နှင့် တောင်မှ မြောက်သို့ (၁)မိုင် ရှည်လျားပါသည်။ ဝက်လက်မြို့နှင့်(၁၂)မိုင်ကွာဝေးပါသည်။ ဇီးဖြူကုန်းကျေးရွာ၏ ဧရိယာမှာ (၁.၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။ ဇီးဖြူကုန်းကျေးရွာ၏ အရှေ့ဘက်တွင် ကန်ဘဲ့၊ ဘူးဘကန်ကျေးရွာများ တည်ရှိပြီး အနောက်ဘက်တွင် ရေသောက်ကန်ကျေးရွာ၊ တောင်ဘက်တွင် ရှိမ္ဘကား၊ ပေါက်ကန်စသည့်ကျေးရွာများနှင့် ဆက်စပ်လျက်ရှိပါသည်။ ဇီးဖြူကုန်းကျေးရွာ၏ ပတ်လည်တွင် လယ်ကွင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဇီးဖြူကုန်း(ရ)ကျေးရွာသည် ပူအိုက်စိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်(၄၂) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၃၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝ အရင်းမြစ်များမှာ ထနောင်း၊ တမာ၊ မန်ကျည်း၊ သရက်၊ ကုက္ကိုလ်၊ သပြေနှင့် အခြား အမျိုးအစား သစ်ပင်များစွာ ပေါက်ရောက်လျက်ရှိပါသည်။ ကြီးမားသော တောရိုင်းတိရစ္ဆာန်မရှိပါ။ တောနေတိရစ္ဆာန်များ ဖြစ်ကြသော ယုန်၊ ဖား၊ ကြွက်၊ မြွေ၊ တောကြက်၊ ဘဲနှင့် ငှက်အမျိုးအစား စုံလင်စွာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇီးဖြူကုန်း(ရ)ကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့် အတင့် ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာ အတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကာလသားအမျိုးသား/အမျိုးသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ သို့သော် အဖွဲ့အစည်းအချို့မှာ တက်ကြွစွာပူးပေါင်း

ဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် အဖွဲ့အစည်း ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် လယ်မြေ(၉၅၄)ဧက ရှိပါသည်။ (၂.၅ဧက အောက်) တောင်သူငယ် များနှင့် (၂.၅ဧကမှ ၅ဧကကြား) တောင်သူလတ်ဦးရေများပြားပြီး တောင်သူကြီးဦးရေနည်းပါး ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏(၇၀%)ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းပါ။ မြေယာမဲတောင်သူများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လုပ်သား(လက်သမား၊ ပန်းရံ)ဖြင့် ဝင်ငွေရှာ၍ မိသားစုစားဝတ်နေရေးရပ်တည်ကြပါသည်။ မိုးကောင်းအရပ်ဒေသဖြစ်ပြီး မိုးရွာမှ တောင်သူများ လုပ်ကိုင်နိုင်သည့် အရပ်ဒေသဖြစ်ပါသည်။

သဘာဝမိုးရာသီဥတုကောင်းမွန်ညီညွတ်သည့် နှစ်ကာလတွင် စိုက်ပျိုးသီးနှံ အထွက်တိုးပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြရသော လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက် စသည့် စက်ကြီးများကို အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်သည့် အခြေအနေကောင်းများ ရရှိကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် နွားကို တောင်သူများအနေဖြင့် ရှေးယခင်က လယ်ယာသုံး တိရိစ္ဆာန်အဖြစ် အဓိကအားထားမွေးမြူကြပါသော်လည်း ယခုခေတ်တွင် စက်ကရိယာများကို အလေးထား ဆောင်ရွက်လာနိုင်ကြခြင်း ၊ ကိုယ်ပိုင်ဝယ်ယူခြင်း မရှိသော်လည်း အခကြေးငွေသတ် မှတ်ချက်နှင့်အညီ ငှားရမ်းအသုံးပြုကြရသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များမှာ လက်သမား၊ ပန်းရံ၊ သံပန်းသံဂဟေ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဆံပင်ညှပ်၊ အလှပြင်၊ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဥယျာဉ်ခြံများတွင် အငှားလုပ်ကိုင်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်ကိုင်သူ၊ စိုက်ပျိုးရိတ်သိမ်းချိန်လုပ်သားလုပ်ခြင်း၊ ကျပန်းလုပ်ငန်းများ စသည့်လုပ်ငန်းများ ထဲမှ သင့်လျော်သည့်လုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ နှမ်း စသည်တို့ အဓိက ထွက်ကုန်အဖြစ် ရောင်းဝယ်ကြပါသည်။

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ အားလုံး ချေးငွေထုတ်ယူသုံးစွဲကြခြင်း၊ ကျေးရွာသို့ ပြင်ပမှလာရောက်ချေးငွေထုတ်ချေးပေးသည့် ပက်မြန်မာ၊ ပရော်စီမီတီ စသည့် ငွေချေးအဖွဲ့အစည်းများမှလည်း ချေးငွေထုတ်ယူသုံးစွဲကြပါ သည်။ ကာလတို ချေးငွေများကိုသာ ထုတ်ယူသုံးစွဲကြရပါသည်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပုံစံ(၇)ကို ပေါင်နှံ အပ်နှံရပြီး ပြင်ပအဖွဲ့အစည်းချေးငွေအဖွဲ့အား အပေါင်ခံပစ္စည်းအပ်နှံမှု မပြုလုပ်ရပါ။ အချို့မှာ ဆွေမျိုးသားချင်းများထံမှ ချေးငှားခြင်းကို ပြုလုပ်ကြပါသည်။ ကာလရှည်ချေးငွေကို အတိုးနှုန်း နည်းပါးစွာဖြင့် ကျေးရွာသူ/သားများ ချေးယူရရှိပါက မိမိတို့၏ စီးပွားလုပ်ငန်းများတွင် ပိုမို ရင်းနှီးမြှုပ်နှံလာနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် စက်ဘီးများကို ကျောင်းသူ/သားများ ကျောင်းသွား လာရေးအတွက် အသုံးပြုကြပြီး မော်တော်ဆိုင်ကယ်ကို အချို့သော သွားလာရေးကိစ္စနှင့်စီးပွားရေး ကိစ္စများတွင် အသုံးပြုကြပါသည်။ စက်ဘီး(၁၀)စီး၊ ဆိုင်ကယ်စီးရေ(၁၅၀)စီး၊ ထော်လာဂျီ(၁)စီး၊ ကား(၃)စီး ရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင် အဓိကအသုံးပြုကြပါသည်။ ဇီးဖြူကုန်းကျေးရွာသည် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း အသုံးပြုနိုင်ခြင်း မရှိပါ။ ဇီးဖြူကုန်းကျေးရွာတွင် ရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပါသည်။ ယခုအခါကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးရေးစိမံကိန်း ဦးစားပေး စီမံချက်ဖြစ်သော ကျေးရွာတွင်းလမ်းကျင်းခင်းခြင်းကို ဆောင်ရွက်လျှက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ဇီးဖြူကုန်း(ရ)ကျေးရွာသည် မြန်မာ့လျှပ်စစ်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိသော ကျေးရွာဖြစ်ပါသည်။ ယခင်လျှပ်စစ်မီးမရရှိမီ ကာလတွင် ဆိုလာနှင့် အခြားမီးလင်းရေး များကို သုံးစွဲကြပါသည်။ ယခုအခါ လျှပ်စစ်မီးသုံးစွဲသူဦးရေ(၁၅၀)ဦးနှင့် ဆိုလာမီးသုံးစွဲသူ(၅)ဦးတို့ ရှိကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် သတင်းဆက်သွယ်ရေး အချက်အလက်များကို ဖုန်း(၂၂၀)လုံး၊ ရေဒီယို(၁၀)လုံး၊ တီဗွီ(၁၅၀)လုံး စသည်တို့ရှိပြီး ကျေးရွာမှာ(၂၄)နာရီ လျှပ်စစ်မီးရရှိခြင်း ၊ မြို့သို့သွားရာလမ်းမှာ ကောင်းမွန်သော်လည်း ဝေးကွာခြင်းတို့ကြောင့် ဖွံ့ဖြိုးမှု

အားနည်းခြင်းနှင့်ကျေးရွာနေပြည်သူများ အသိညာဏ်ကြွယ်ဝမှုနည်းပါးခြင်း အနေအထားရှိသော ကျေးရွာဖြစ်ပါသည်။

၆။ ပညာရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် ဘွဲ့ရသူဦးရေ(၇၀)ဦး မူလတန်းအဆင့်ပညာပြီး မြောက်မှု(၁၂၀၀) ဦး၊အလယ်တန်းပညာပြီးမြောက်မှု (၆၀၀)ဦး၊အထက်တန်းပြီးမြောက်မှု(၂၀၀)ဦး ရှိပါသည်။ ဇီးဖြူကုန်းကျေးရွာတွင် ယခုလက်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်တို့တွင် ပညာသင်ကြားနေသော လူဦးရေမှာ (၁၃၀၀)ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများ

ပါသည်။ ကျေးရွာတွင် မူလတန်းစာသင်ကျောင်းအဆင့်ရှိပြီး အထက်တန်းကျောင်းသို့ (၁)မိုင်ခွဲခန့်ကွာဝေးသော လှတောအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများသို့ ကျောင်းအိပ်ကျောင်းစားနေကြခြင်း၊ အချို့မှာ(၂၀)မိုင်ခန့်ကွာဝေးသော ရွှေဘိုမြို့နှင့် ဝက်လက်မြို့ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ အထက်တန်းပညာကို သင်ယူမှုပြုကြပါသည်။ စီးပွားရေးချို့တဲ့သူများအနေဖြင့် သားသမီးများကို ကျေးရွာတွင် ရှိသော မူလတန်းကျောင်းတွင်သာ အပ်နှံထားရှိမှုဖြင့်သာ ပညာရေးပြီးဆုံးရပြီး ဘွဲ့ရရှိနိုင်သည့် အခြေအနေသို့ သင်ကြားနိုင်မှု မပြုလုပ်နိုင်ကြပါ။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍မရှိပဲ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ အနည်းအကျဉ်းသာ ဖြစ်ပွားလျက်ရှိပါသည်။ ကျေးရွာတွင် ရွာတွင်း၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မရှိပါ။ ဝက်လက်မြို့နယ် ဆေးရုံနှင့် ခရိုင်ဆေးရုံ(ရွှေဘိုမြို့)သို့ သွားလာရေးလွယ်ကူစွာ ကုသမှုခံယူခြင်း ဆောင်ရွက်နိုင်သည့် ကျေးရွာဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် ကြီးမားသော ဘေးအန္တရာယ် ကြုံတွေ့ခံစားရခြင်း နည်းပါးပြီး မိုးရွာလျှင် ကျေးရွာနှင့် လယ်မြေများ ရေကြီးနစ်မြုပ်မှု ရှိပါသည်။ တခါတရံ လေမုန်တိုင်း တိုက်ခတ်ခြင်း ဖြစ်ပေါ်လေ့ရှိပါသည်။ ကုန်းတွင်းပိုင်း အရပ်ဒေသဖြစ်ပြီး ချောင်းကမ်းဘေး အရပ်ဒေသ မဟုတ်ပါ။ သဘာဝပတ်ဝန်းကျင်း ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင်

စနစ်တကျ စည်းကမ်း အလိုက် စွန့်ပစ်နိုင်ခြင်း၊ အမှိုက်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးတို့အတွက် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုးဆိုးကျိုးကို ခွဲခြားတက်ခြင်း ဖြစ်ပေါ်လာပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇီးဖြူကုန်း(ရ)ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား အမျိုးသမီးဦးရေ များပြားစွာ တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်ဖွဲ့စည်းမှုအား နည်းပါသည်။အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး တို့တွင် ပါဝင်ဦးဆောင်နိုင်သည့် အနေအထားများရှိလာပါက ကျေးရွာသည် ပိုမိုတိုးတက်လာနိုင်ပါ သည်။ကျေးရွာတွင် လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် အမျိုးသားများသည် အများဆုံး လုပ်အားခ(၁၀၀၀၀)၊ လုပ်ငန်းရှားပါးချိန်တွင် လုပ်အားခ(၇၀၀၀)၊အမျိုးသမီးများ အများဆုံး လုပ်အားခ(၅၀၀၀)နှင့် အနည်းဆုံး(၃၀၀၀)တို့ ရရှိသည့် အနေအထားဖြစ်ပါသည်။ထို့ကြောင့် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ လုပ်နိုင်ကိုင်နိုင် စီမံခန့်ခွဲနိုင်သည့် အနေအထားဖြစ် နိုင်သည့် အခြေအနေမျိုး ဖြစ်လာစေရေး ပူးပေါင်းဖိတ်ခေါ် ဆောင်ရွက်သင့်ပါသည်။နယ်မြေများ လုံခြုံအေးချမ်းသည့် အရပ်ဒေသဖြစ်ပြီး မှုခင်းများဖြစ်သော လူကုန်ကူးမှု၊ခိုးမှု၊မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်ခြင်း မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ် ၊ ပေါက်ကန်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်း(ရ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	သွားလာရေးဆိုင်ရာ အဆောက်အဦး	ကျေးရွာတွင်းလမ်းကျင်းလမ်း ခင်းခြင်း	၁
၂	လူမှုရေးဆိုင်ရာ အဆောက်အအုံ	လျှပ်စစ်မီးသွယ်တန်းခြင်း	၂
၃	လူမှုရေးဆိုင်ရာ အဆောက်အအုံ	သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာရရှိလိုခြင်း	၃
၄	လူမှုရေးဆိုင်ရာ အဆောက်အအုံ	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦဆောက်ခြင်း	၄
၅	လူမှုရေးဆိုင်ရာ အဆောက်အအုံ	ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ ဆောက်လိုခြင်း	၅

၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ပေါက်ကန်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်း(ရ)ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅
၁	ကျေးရွာတွင်းလမ်းကျင်းလမ်း ခင်းခြင်း	၁	✓				
၂	လျှပ်စစ်မီးသွယ်တန်းခြင်း	၂		✓			
၃	သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာရရှိလိုခြင်း	၃			✓		
၄	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦဆောက်ခြင်း	၄				✓	
၅	ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ ဆောက်လိုခြင်း	၅					✓

နောက်ဆက်တွဲ(၁)

ဝက်လက်မြို့နယ် ၊ ဇီးဖြူကုန်း(ရ)ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီ သွားလာရ ခက်ခဲခြင်း	လမ်းမကောင်းခြင်း	လိုအပ်သော မြေနေရာရှိခြင်း	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ကျေးရွာတွင်းလမ်းဂျင်းလမ်း ခင်းခြင်း
၂	လျှပ်စစ်မီး မရရှိခြင်း	ရွာသားအားလုံး လျှပ်စစ်မီးသုံးစွဲနိုင်ရေး	ကိုယ်ထူကိုယ်ထဖြင့် ကျေးရွာတွင်းလိုင်းတိုင်များ စိုက်ထူပြီးဖြစ်ခြင်း	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	လျှပ်စစ်မီးသွယ်တန်းခြင်း
၃	ကျေးရွာတွင် သောက်သုံးရေရှားပါးခြင်း	အများသုံးရေလိုအပ်ခြင်း	-	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာရရှိလိုခြင်း
၄	အလွယ်တကူ သွားလာရန် ခက်ခဲခြင်း	အရေးပေါ်ဆေးကုသ သွားရန် ခက်ခဲခြင်း	အဆောက်အဦဆောက်ရန် မြေနေရာရရှိခြင်း	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦဆောက်ခြင်း
၅	အသည်းအသန် ဝဒနာသည်များ အခြားသို့ သွားရောက်ကုသရခြင်း	အရေးပေါ်ဆေးကုသရန် ခက်ခဲခြင်း	လိုအပ်သော မြေနေရာရှိခြင်း	ငွေကြေး+ ကျန်းမာရေးဆရာမ	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ ဆောက်လိုခြင်း

ဝက်လက်မြို့နယ် ၊ ဇီးဖြူကုန်း(ရ)ကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	ကျေးရွာတွင်းလမ်းကျင်းလမ်းခင်းခြင်း	၁၀	၅	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၉၅
၂	လျှပ်စစ်မီးသွယ်တန်းခြင်း	၆	၁၀	၅	၉	၉	၁	၅	၁	၅	၁	၅၂
၃	သန့်ရှင်းသော သောက်သုံးရေလွယ်ကူစွာ ရရှိလိုခြင်း	၉	၁	၁	၇	၁	၁	၄	၁	၅	၁၀	၄၀
၄	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦ ဆောက်ခြင်း	၅	၁	၁	၈	၁၀	၁	၂	၁	၃	၁	၂၃
၅	ကျန်းမာရေးဆေးပေးခန်း အဆောက်အဦ ဆောက်လိုခြင်း	၇	၁	၁	၆	၁	၁	၃	၁	၁	၁	၂၃

ဝက်လက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပေါက်ကန်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	ဖွဲ့စည်းသည့် နေ့	ကော်မတီဖွဲ့စည်းမှု		ကော်မတီဝင်များ၏ ကိုယ်ရေးအချက်အလက်			စာရင်းရှင်အမှတ်	ဖွင့်လှစ်သည့် နေ့စွဲ	မှတ်ချက်
				အမည်	တာဝန်	အဖအမည်	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်			
၁	ပေါက်ကန်	ဇီးဖြူကုန်း	၃၀.၁.၂၀၂၁	ဦးခင်မောင်ငွေ	ဥက္ကဋ္ဌ	ဦးဝံခွေ	၅/ဝလန(နိုင်)၀၂၆၆၈၇၀	၀၉-၇၉၇၉၂၇၈၀၅	F-296	၂၅.၅.၂၀၂၁	
၂	။	။		ဦးအုံကျော်	အတွင်းရေးမှူး	ဦးအောင်မြင့်	၅/ဝလန(နိုင်)၀၈၅၇၁၉	၀၉-၄၅၄၉၅၁၈၁၇			
၃	။	။		ဦးချမ်းမြေအောင်	ဘဏ္ဍာရေးမှူး	ဦးပေါ်ရှန်	၅/ဝလန(နိုင်)၁၃၈၁၆၂	၀၉-၄၂၄၅၁၀၇၄၅			
၄	။	။		ဒေါ်သီသီလှိုင်	စာရင်းကိုင်	ဦးဌေးအောင်	၅/ဝလန(နိုင်)၁၂၈၁၇	၀၉-၄၄၂၁၇၀၉၅၄			
၅	။	။		ဒေါ်တင်နွဲ့	အဖွဲ့ဝင်	ဦးအောင်မြင့်	၅/ဝလန(နိုင်)၁၁၅၁၄၇	၀၉-၂၅၈၂၈၄၈၁၆			
၆	။	။		ဦးသန်းထွန်းစိုး	အဖွဲ့ဝင်	ဦးထွန်းမို	၅/ဝလန(နိုင်)၀၉၃၄၁၆	၀၉-၈၉၈၀၉၀၁၈၅			
၇	။	။		ဦးကျော်စိုးအောင်	အဖွဲ့ဝင်	ဦးဘို	၅/ဝလန(နိုင်)၁၀၆၀၂၀	၀၉-၂၆၅၇၄၄၀၀၂			

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၃	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၂	၁၃	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၃	၁၆	၂၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၀	၂၀	၄၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၃	၁၄၉	၂၈၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၂	၃၆	၅၈
စုစုပေါင်း		**၂၀၆**	**၂၃၅**	**၄၄၃**
စုစုပေါင်း အိမ်ထောင်စု		**၂၁၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် နို့စို့အရွယ်နှင့် သက်ကြီးရွယ်အို လူဦးရေ နည်းပါးခြင်းကို တွေ့ရှိရပြီး အလုပ်လုပ်နိုင်သူဦးရေ များပြားကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အိမ်က ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၁၈၆		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း		၁၉		မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉၀	၄၂၀		မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၇		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃		မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀	၁၂		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"**

ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ပြီး လုပ်သားများ၊ ပညာရေးဝန်ထမ်းများ၊ စျေးရောင်းခြင်း၊ ကားမောင်းခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုခြင်း၊ပန်းရံလုပ်ငန်းများဖြင့် မိသားစုရပ်တည်ခြင်း၊ အခြားလုပ်ငန်းအမျိုးအစားစုံသည့် ကျေးရွာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာသည် နေ့စားလုပ်အားခများပေးချေးသည်မှာ ကျေးရွာဒေသနှင့် သင့်တင့်မျှတကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၆၄	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၀၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၉	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၀၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် လယ်ယာမြေဧရိယာဧက(၃၆၄)၊ ဥယျာဉ်ခြံမြေ(၃၉)ဧက၊ စုစုပေါင်း(၈၀၈)ဧကရှိကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☐	နည်း ☑	မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာသည်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ထွက်ရှိသည့်အရပ်ဒေသမဟုတ်သည်ကို တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅၀	၇၀	၆၀	၃၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် ဥစ္စာဓနအခြေအနေအရ အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး မပြေလည်သော အိမ်ထောင်စုများပြားသည်ကို တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ၅ ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၅
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၆၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ၅ ချေးယူ = ၂၅

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ၃၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၂၀ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် လယ်မြေဧက ပိုင်ဆိုင်သူ အိမ်ထောင်စုများ အားလုံး စိုက်ပျိုးရေးဘဏ်ချေးငွေကို ထုတ်ယူသုံးစွဲကြပြီး လယ်မြေဧက မရှိသော အိမ်ထောင်စုများ မှာလည်း ပဂ္ဂလိကချေးငွေကို ချေးယူသုံးစွဲကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၇		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၈		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂၄		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား အထူးစောင့်ရှောက်မှုများ မရှိပါ။ အခြားဒေသသို့ မိသားစုစားဝတ်နေရေးအတွက် သွားရောက် လုပ်ကိုင်ရသော မိသားစုများလည်းရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၄	မိုးခေါင်ခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှု အသင့်အတင့်သာ တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် မိုးရေကိုသာ အဓိကထားစိုက်ပျိုးရပါသဖြင့် စိုက်ပျိုးရေမလုံလောက်မှုအခြေအနေကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် နေထိုင်ကြသူများသည် ထိခိုက်သက်ရောက်မှု ဆိုးရွားစွာခံရနိုင်ခြေမရှိပါသဖြင့် ထိခိုက်လွယ်မှုအခြေအနေ နည်းပါးသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၇		၇	ပညာရေး ☑ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	လမ်းကော်မတီ	၁☑ ၂☐ ၃☐	၅	၂	၇	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☑ သင့် ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၄	ဓမ္မစကူး	၁☑ ၂☐ ၃☐	၅	၃	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၂	၉	၂၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ပညာအလင်းဖောင်ဒေးရှင်း	၁☐ ၂☑ ၃☐	၈	၃	၁၁	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐		၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် ကျေးရွာသူ/သားများသည် သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပတ်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	မြကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	နာရေးကူညီမှု အသင်း	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၄	ဝတ်ရွက်အသင်း	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	အမျိုးသားအဖွဲ့	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဧရိယာဖြူကုန်း(ရ)ကျေးရွာတွင် ပြင်ပချေးငွေကုမ္ပဏီများ လာရောက်ချေးပေးသော်လည်း ကာလတိုချေးပေးသဖြင့် ချေးငွေသုံးစွဲမှု အဆင်မပြေသည်ကို တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၇၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဧရိယာဖြူကုန်း(ရ)ကျေးရွာသည် မြေယာပိုင်ဆိုင်သူဦးရေ များပြားသော်လည်း တောင်သူကြီးနည်းပါးခြင်းကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ☑ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ☑ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းသည် မိုးရေကိုသာ အဓိကအသုံးပြု၍ စိုက်ပျိုးရေမလုံလောက်ကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၇၆၉	တင်း	၂၀	၆၀	၄၀	ဇူလိုင်	ဒီဇင်ဘာ	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် စပါးကိုသာ အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး ရာသီဥတုမမှန်ခြင်း၊ ပိုးမွှားရောဂါကျရောက်မှုရှိခြင်းတို့ကြောင့် သီးနှံအထွက်လျော့ကျပါသည်။

ထို့ကြောင့် သွင်းအားစုမှာ ပိုမိုသုံးစွဲရန် အမြတ်ရရှိမှုမှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁၈			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြေလှေစက်				
ရိတ်သိမ်းစက်				
ခြေလှေစက်	၁			
ရေစုပ်စက်				
ခြေနင်းရေတင်စက်	၂၄			
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် လက်တွန်းထွန်စက်နည်းပါးသည့်အတွက် အချိန်မီထွန်ယက်စိုက်ပျိုးရန် အခက်အခဲတွေ့ရှိရပါသည်။ ရိတ်သိမ်းစက်နည်းသည့်အတွက်ကြောင့် ပြင်ပမှငှားရမ်းသုံးစွဲရပါသည်။ မိုးရေလုံလောက်မှုမရှိခြင်းတို့ကြောင့် ရေစုတ်စုပ်များ အသုံးပြုရသဖြင့် ငွေကြေးကုန်ကျမှုရှိကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဇီးဖြူကုန်း(ရ)ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများမှာ အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံဝမရ ☐ မဖြေဆိုပါ ☐**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** ☐ **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ** ☐ **မဖြေဆိုပါ** ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ** ☐ **အသင့်အတင့်ကျ** ☐ **အနည်းငယ်** ☐ **မဖြေဆိုပါ** ☐

ရင်းမြစ် (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**
လေ့လာတွေ့ရှိချက်။ ။.....

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

